ကန့်သတ်

**ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့(၂၇.၂.၂၀၁၂)ရက်နေ့တွင် ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးချိုစိန် တင်သွင်းသည့် အဆိုဆိုင်ရာ ဆောင်ရွက်ချက်များ**

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား - ဒေါ်အေးချိုစိန်၊ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)က "ရှမ်းပြည်နယ်အတွင်းရှိ အစိုးရသစ်အရောင်းဆိုင်မရှိသော အချို့မြို့နယ်များတွင် နေအိမ် အဆောက်အဦများ ဆောက်လုပ်ရန်အတွက် ဒေသထွက်သစ်မာနှင့် အင်၊ အင်ကြင်းစသော အခြားသစ်များကို ဈေးနှုန်းကြီးမြင့်စွာဖြင့် ဝယ်ယူနေရသည်ကို တွေ့ရှိရပါသည်။ သစ်မာ၊ အင်၊ အင်ကြင်း များကို တစ်တန်လျှင် ကျပ်လေးသိန်းမှ ကျပ်လေးသိန်းခွဲအထိလည်းကောင်း၊ ထင်းရှူးကို ကျပ်တစ်သိန်း ခုနှစ်သောင်းမှ ကျပ်နှစ်သိန်းထိလည်းကောင်း ဝယ်ယူသုံးစွဲနေရပါသည်။ သို့ပါ၍ ဒေသတွင်း ပြည်သူများ လွယ်လင့်တကူ၍ ဈေးနှုန်းသင့်တင့်စွာ ဝယ်ယူနိုင်ရေးနှင့် ပြည်နယ်ဘဏ္ဍာငွေ ရရှိစေရေးအတွက် ပြည်သူ လူထု၏အကျိုးစီးပွားကိုရှေးရှုပြီး ပြည်နယ်အစိုးရ၏ အစီအစဉ်ဖြင့် တစ်မြို့နယ်လျှင် ပုဂ္ဂလိက(သို့မဟုတ်) အစိုးရ သစ်အရောင်း ဆိုင်တစ်ဆိုင်ဖွင့်လှစ်ခွင့်ပြုရေး" အဆိုဖြစ်ပါတယ်။ ဖယ်ခုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါ်အေးချိုစိန်က အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

ဒေါ်အေးချိုစိန်(ဖယ်ခုံဆန္ဒနယ်အမှတ်-၁)။ လေးစားအပ်တဲ့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး နှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ ကျွန်မကတော့ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) မှ ဒေါ်အေးချိုစိန် ဖြစ်ပါတယ်။ ကျွန်မတို့ "ရှမ်းပြည်နယ်အတွင်းရှိ အစိုးရသစ်အရောင်းဆိုင်မရှိသော အချို့ မြို့နယ်များတွင် နေအိမ်အဆောက်အဦများ ဆောက်လုပ်ရန်အတွက် ဒေသထွက် သစ်မာနှင့် အင်၊ အင်ကြင်းစသော အခြားသစ်များကို ဈေးနှုန်းကြီးမြင့်စွာဖြင့် ဝယ်ယူနေရသည့်အခက်အခဲကို တွေ့ရှိနေ ရပါတယ်။ သစ်မာ၊ အင်၊ အင်ကြင်းများကို တစ်တန်လျှင် ကျပ်လေးသိန်းမှ ကျပ်လေးသိန်းခွဲအထိလည်း ကောင်း၊ ထင်းရှူးကို ကျပ်တစ်သိန်းခုနှစ်သောင်းမှ ကျပ်နှစ်သိန်းထိလည်းကောင်း ဝယ်ယူသုံးစွဲနေရ ပါတယ်။ သို့ပါ၍ ဒေသတွင်းပြည်သူများ လွယ်လင့်တကူ၍ ဈေးနှုန်းသင့်တင့်စွာ ဝယ်ယူနိုင်ရေးနှင့် ပြည်နယ် ဘဏ္ဍာငွေရရှိစေရေးအတွက် ပြည်သူလူထု၏ အကျိုးစီးပွားကို ရှေးရှုပြီး ပြည်နယ်အစိုးရ၏ အစီအစဉ်ဖြင့် တစ်မြို့နယ်လျှင် ပုဂ္ဂလိက (သို့မဟုတ်) အစိုးရ သစ်အရောင်းဆိုင်တစ်ဆိုင် ဖွင့်လှစ်ခွင့်ပြုရေး" အဆိုကို လေးစားစွာ တင်သွင်းအပ်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ အဆိုကို ထောက်ခံမည့်သူရှိပါက ဆက်လက်ဆောင်ရွက်ပါ။

ဦးဇော်ဇော်(မဘိမ်းမဲဆန္ဒနယ်အမှတ်-၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး နဲ့တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံနိုင်ကြပါစေကြောင်း ဆုတောင်း မေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မဘိမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဇော် ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး နဲ့တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါ်အေးချိုစိန်၏ အဆိုသည် သစ်ထွက်ရာဒေသနှင့် ကိုက်ညီမှုရှိသဖြင့် ၎င်းအဆိုအား ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား - ဒေါ်အေးချိုစိန်တင်သွင်းသော အဆိုကို လွှတ်တော်ကိုယ်စားလှယ် (၁)ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ "ရှမ်းပြည်နယ်အတွင်းရှိ အစိုးရ သစ်အရောင်းဆိုင်မရှိသော အချို့မြို့နယ်များတွင် နေအိမ်အဆောက်အဦများ ဆောက်လုပ်ရန် အတွက် ဒေသထွက်သစ်မာနှင့် အင်၊ အင်ကြင်းစသော အခြားသစ်များကို ဈေးနှုန်းကြီးမြင့်စွာဖြင့် ဝယ်ယူနေရသည်ကို တွေ့ရှိရပါသည်။ သစ်မာ၊ အင်၊ အင်ကြင်းများကို တစ်တန်လျှင် ကျပ်လေးသိန်းမှ လေးသိန်းခွဲအထိလည်းကောင်း၊ ထင်းရှူးကို ကျပ်တစ်သိန်းခုနစ်သောင်းမှ ကျပ်နှစ်သိန်းထိလည်းကောင်း ဝယ်ယူသုံးစွဲနေရပါသည်။ သို့ပါ၍ ဒေသတွင်းပြည်သူများ လွပ်လပ်၍ ဈေးနှုန်းသင့်တင့်စွာ ဝယ်ယူနိုင် ရေးနှင့် ပြည်နယ်ဘဏ္ဍာငွေရရှိစေရေးအတွက် ပြည်သူလူထု၏ အကျိုးစီးပွားကို ရှေးရှုပြီး ပြည်နယ် အစိုးရ၏ အစီအစဉ်ဖြင့် တစ်မြို့နယ်လျှင် ပုဂ္ဂလိက(သို့မဟုတ်) အစိုးရသစ် အရောင်းဆိုင်တစ်ဆိုင် ဖွင့်လှစ်ခွင့်ပြုရေး" အဆို ဖြစ်ပါတယ်။ ယခု၄င်းအဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒကို ရယူပါမယ်။ အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက -
" သဘောတူပါသလားခင်ဗျား "(၃)ကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ ကိုယ်စားလှယ်ရှိပါသလား ခင်ဗျား။

**အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။**

**(သို့မဟုတ်)**

**အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။**

ဥက္ကဋ္ဌ။ အဆိုကိုလက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ ကိုယ်စားလှယ်မရှိတဲ့အတွက် ဒေါ်အေးချိုစိန်ရဲ့ အဆိုကိုလက်ခံဆွေးနွေးရန်လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ [ ဩဘာသံများ ]

ဥက္ကဋ္ဌ။ ဒေါ်အေးချိုစိန် တင်သွင်းသော အဆိုကို ဆွေးနွေးမဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေးရပ်နားတဲ့အခါမှာ လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးထံ အမည်စာရင်း ပေးသွင်းကြဖို့ ဖြစ်ပါတယ်။ အဆိုကို ဖေဖော်ဝါရီလ(၂၈)ရက်၊ (အင်္ဂါနေ့)မှာ ဆွေးနွေးမှာ ဖြစ်ပါတယ်။

**ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့(၂၈.၂.၂၀၁၂)ရက်နေ့တွင် အဆိုကို ဦးစိုင်းအိုက်ပေါင်း၊ သစ်တောနှင့် သတ္တုဝန်ကြီးက ဆွေးနွေးခြင်း**

ဥက္ကဋ္ဌ ။ ဆက်လက်ပြီး ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့မှာ ဖယ်ခုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်အေးချိုစိန်က အစည်းအဝေးပါ အစီအစဉ်ပါ အဆိုကို ဆွေးနွေးဖို့အတွက် လွှတ်တော်ကိုယ်စားလှယ်များ စာရင်းပေးပို့ထားခြင်း မရှိပါဘူး။ ဒါကြောင့် မို့လို့ ဒီအဆိုနဲ ပတ်သက်လို့ သက်ဆိုင်ရာတာဝန်ရှိ ပြည်နယ်အဖွဲ့အစည်းက ဆွေးနွေးရှင်းလင်းပေးဖို့ ဖိတ်ခေါ် ပါတယ်။

ဦးစိုင်းအိုက်ပေါင်း၊ သစ်တောနှင့် သတ္တုဝန်ကြီး။ လေးစားအပ်တဲ့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း အားလုံးကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းမေတ္တာပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် သစ်တောနှင့် သတ္တုဝန်ကြီး ဦးစိုင်းအိုက်ပေါင်း ဖြစ်ပါတယ်။ ဖယ်ခုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးချိုစိန်ရဲ့ အဆိုနဲ့ ပတ်သက်ပြီး၊ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

အဆိုရှင်က "ရှမ်းပြည်နယ်အတွင်းရှိ အစိုးရသစ်အရောင်းဆိုင်မရှိသော အချို့မြို့နယ်များတွင် နေအိမ်အဆောက်အဦးများ ဆောက်လုပ်ရန်အတွက် ဒေသထွက်သစ်မာနှင့် အင်၊ အင်ကြင်းစသော အခြားသစ်များကို ဈေးနှုန်းကြီးမြင့်စွာဖြင့် ဝယ်ယူနေရသည်ကို တွေ့ရှိရပါသည်။ သစ်မာ၊အင်၊ အင်ကြင်း များကို တစ်တန်လျှင် ကျပ်လေးသိန်းမှ လေးသိန်းခွဲထိလည်းကောင်း၊ ထင်းရှူးကို ကျပ်တစ်သိန်းခုနှစ်သောင်းမှ ကျပ်နှစ်သိန်းထိလည်းကောင်း ဝယ်ယူသုံးစွဲနေရပါသည်။ သို့ပါ၍ ဒေသတွင်း ပြည်သူများ လွတ်လပ်၍ ဈေးနှုန်းသင့်တင့်စွာ ဝယ်ယူနိုင်ရေးနှင့် ပြည်နယ်ဘဏ္ဍာငွေရရှိစေရေးအတွက် ပြည်သူလူထု၏ အကျိုးစီးပွားကို ရှေးရှုပြီး ပြည်နယ်အစိုးရ၏ အစီအစဉ်ဖြင့် တစ်မြို့နယ်လျှင် ပုဂ္ဂလိက(သို့မဟုတ်) အစိုးရ သစ်အရောင်းဆိုင်တစ်ဆိုင် ဖွင့်လှစ်ခွင့်ပြုရေး" အဆိုတင်သွင်းသွားပါတယ်။

အဲ့ဒီအဆိုနှင့်ပတ်သက်ပြီး ကျွန်တော်တို့ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်း ရောင်းဝယ်ရေးနှင့် သစ်စက်ဌာန၊ ရှမ်းပြည်နယ်သည် အရေးကြီးစီမံကိန်း လုပ်ငန်းများ၊ အစိုးရဌာနများနှင့် ပြည်သူများသို့ သစ်ခွဲသား ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် ဌာနပိုင်နှင့် အငှားသစ်စက်များဖြင့် အောက်ပါအတိုင်း ဆောင်ရွက်လျက်ရှိပါသည် -

| **စဉ်** | **သစ်စက်/သစ်ဆိုင်အမည်** | **မြို့နယ်** | **မှတ်ချက်** |
|---|---|---|---|
| **(က)** | **ရှမ်းပြည်နယ်(တောင်းပိုင်း)** | | |
| ၁။ | အမှတ်(၁၂၇)သစ်စက် | အေးသာယာ၊ သစ်ပင်ထောင်ရွာ | ဌာနပိုင်သစ်စက် |
| ၂။ | ဝင်းထက်အငှားသစ်စက် | အေးသာယာမြို့သစ် | အငှားသစ်စက် |
| ၃။ | ဟိုမိန်းအမှတ်(၁)အငှားသစ်စက် | အေးသာယာမြို့သစ် | အငှားသစ်စက် |
| ၄။ | ဟိုမိန်းအမှတ်(၂)အငှားသစ်စက် | အေးသာယာမြို့သစ် | အငှားသစ်စက် |
| ၅။ | သမဝါယမအငှားသစ်စက် | ရပ်စောက်မြို့ | အငှားသစ်စက် |
| ၆။ | ခူဝံအငှားသစ်စက် | ရပ်စောက်မြို့ | အငှားသစ်စက် |
| ၇။ | ဦးမောင်မောင်အငှားသစ်စက် | ရပ်စောက်မြို့ | အငှားသစ်စက် |
| ၈။ | ဦးသန်းဆွေ အငှားသစ်စက် | ရပ်စောက်မြို့ | အငှားသစ်စက် |
| ၉။ | မိုးမခအငှားသစ်စက် | ရပ်စောက်မြို့ | အငှားသစ်စက် |

| | | | |
|---|---|---|---|
| ၁၀။ | ဖိုးလဝင်းအငှားသစ်စက် (သစ်တောဖက်စပ်) | ရပ်စောက်မြို့ | အငှားသစ်စက် |
| ၁၁။ | တောင်ကြီးသစ်ဆိုင် | တောင်ကြီးမြို့ | ဌာနပိုင်သစ်ဆိုင် |
| ၁၂။ | အေးသာယာသစ်ဆိုင် | အေးသာယာမြို့ | သစ်တောဖက်စပ် |

**( ခ ) ရှမ်းပြည်နယ်(အရှေ့ပိုင်း)**

| | | | |
|---|---|---|---|
| ၁။ | ကျိုင်းတုံသစ်ဆိုင် | ကျိုင်းတုံမြို့ | ဌာနပိုင်သစ်ဆိုင် |
| ၂။ | တင်မြင့်ရီအငှားသစ်စက် | တာချီလိတ်မြို့ | အငှားသစ်စက် |

**( ဂ ) ရှမ်းပြည်နယ်(မြောက်ပိုင်း)**

| | | | |
|---|---|---|---|
| ၁။ | အမှတ်(၁၁၂)သစ်စက် | သီပေါမြို့ | ဌာနပိုင်သစ်စက် |
| ၂။ | အမှတ်(၁၁၈)သစ်စက် | မိုးမိတ်မြို့ | ဌာနပိုင်သစ်စက် |
| ၃။ | သံလွင်အငှားသစ်စက် | လားရှိုးမြို့ | အငှားသစ်စက် |
| ၄။ | ဒေါ်စန်းရီအငှားသစ်စက် | လားရှိုးမြို့ | အငှားသစ်စက် |
| ၅။ | မြသီတာအငှားသစ်စက် | မိုးမိတ်မြို့ | အငှားသစ်စက် |
| ၆။ | လားရှိုးသစ်ဆိုင် | လားရှိုးမြို့ | ဌာနပိုင်သစ်စက် |
| ၇။ | ကျောက်မဲသစ်ဆိုင် | ကျောက်မဲမြို့ | ဌာနပိုင်သစ်စက် |
| ၈။ | မိုးမိတ်သစ်ဆိုင် | မိုးမိတ်မြို့ | ဌာနပိုင်သစ်ဆိုင် |

အထက်ဖော်ပြပါ သစ်စက်နှင့် သစ်ဆိုင်များတွင်သာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ သစ်ခွဲသားရောင်းချပေးရန် တိုက်ရိုက်ခွင့်ပြုချက်များဖြင့်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ပြည်နယ်အစိုးရအဖွဲ့သို့တစ်ဆင့် ရောင်းချခွင့်ပြုထားသော သစ်တန်ပမာဏအတွင်း ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်လည်းကောင်း၊ ပြည်နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အရေးကြီးစီမံကိန်းများ၊ အစိုးရဌာနများနှင့် ပြည်သူများသို့ မြန်မာ့သစ်လုပ်ငန်းအနေဖြင့် ထုတ်လုပ်ရောင်းချပေးလျက်ရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်းအနေဖြင့် သစ်လုံးကုန်ကြမ်းထုတ်လုပ်ရရှိနိုင်မှုနှင့် နယ်မြေအခြေအနေအရ သစ်ခွဲသား ထုတ်လုပ်သယ်ယူမှု အခက်အခဲရှိသဖြင့် တစ်မြို့နယ်လျှင် ပုဂ္ဂလိက(သို့မဟုတ်) အစိုးရသစ်အရောင်းဆိုင်တစ်ဆိုင် ဖွင့်လှစ်ခွင့်ပြုရေးမှာ သစ်တောဥပဒေ ပုဒ်မ-၁၈(က)နှင့် ၁၈(ခ)တို့အရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြန်မာ့သစ်လုပ်ငန်းမှသာ သစ်ထုတ်လုပ်ခွင့်နှင့် ရောင်းချခွင့်အားခွင့်ပြုဆောင်ရွက်လျက်ရှိသည့်အတွက် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် ညှိနှိုင်းလျက်ပြည်နယ်အတွင်း အခြေအနေပေးသော မြို့နယ်များတွင် ဖွင့်လှစ်ခွင့်ပြုရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားလိုပါတယ်။

မြန်မာ့သစ်လုပ်ငန်းအနေဖြင့် ပြည်နယ်အတွင်း သစ်ခွဲသားများ ဖြည့်ဆည်းပေးသွားရန် အရေးပေါ် အခြေအနေ (ဥပမာအားဖြင့်-တာလေငလျင်)ပေါ်ပေါက်လာပါကလည်း အထူးကိစ္စရပ်အနေဖြင့် သက်ဆိုင်သော နယ်မြေ/ဒေသ/ မြို့နယ်များတွင် သစ်ခွဲသားအရောင်းဆိုင်နှင့် သစ်စက်များ ယာယီအစီအစဉ်ဖြင့် ဖွင့်လှစ်၍ ဖြည့်ဆည်းပေးလျက်ရှိပါကြောင်း ဖြည့်စွက်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ဒါ့အပြင် အခြေခံဥပဒေဇယား(၂)အရ ကျွန်းနှင့်သစ်မာများ၏ ထုတ်လုပ်ရောင်းချပိုင်ခွင့်သည် ပြည်ထောင်စုဝန်ကြီး၏ လုပ်ပိုင်ခွင့်အတွင်း သက်ရောက်နေပါသည်။ သို့သော်သစ်မာနှင့် အခြားသစ်ခွဲသားများကို တရားဝင်သစ်ထုတ်လုပ်ခွင့် ရရှိသူများထံမှ ဝယ်ယူပြီး၊ ပြည်နယ်အတွင်း သယ်ဆောင်ခွင့်ကို ခွင့်ပြုပေးနိုင်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ထို့ကြောင်း ဒေါ်အေးချိုစိန်၏ အဆိုကို မှတ်တမ်းတင်ထားသင့်ကြောင်း ရှင်းလင်းတင်ပြလိုပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ [ သြဘာသံများ]

ဥက္ကဋ္ဌ ။ ဒီအဆိုနှင့်ပတ်သက်လို့ အဆိုရှင် ဒေါ်အေးချိုစိန်မှ ထပ်မံဆွေးနွေးဖို့ရှိရင် ဆွေးနွေးပေးဖို့ဖြစ်ပါတယ်။

ဒေါ်အေးချိုစိန်(ဖယ်ခုံမဲဆန္ဒနယ်အမှတ်-၁)။ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ရွှင်လန်းချမ်းမြေ့ပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။
အခုလို ကျွန်မရဲ့ အဆိုကို သစ်တောနှင့်သတ္တုဝန်ကြီးက ပြည့်ပြည့်စုံစုံ ရှင်းလင်းပေးသွားတဲ့အတွက် ကြောင့်မို့ ကျေးဇူးအင်မတန်တင်ရှိပါကြောင်း ပဏာမအနေနဲ့ ပြောကြားလိုပါတယ်။ ကျွန်မရဲ့ အဆိုပေါ်မှာ ကျွန်မထပ်မံပြီးတော့ အချက်(၃)ချက်အနေနဲ့ ထပ်မံဆွေးနွေးလိုပါတယ်။ ဆွေးနွေးခွင့်ပြုနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးအား တင်ပြအပ်ပါတယ်ရှင်။

ပထမအနေနဲ့ ကျွန်မတို့ရဲ့ ပြည်နယ်အစိုးရဝန်ကြီးက ရှင်းလင်းပြသွားတဲ့နေရာမှာ သစ်ထုတ်ရာဒေသ ဖြစ်တဲ့ အဓိကသစ်ခွဲစက်များရှိရာ အေးသာယာ၊ ရပ်စောက်စသည့်နယ်မြေများမှာ သစ်များကို ခွဲပြီးတော့ သက်ဆိုင်ရာနေရာများကို နိုင်ငံတော်ရဲ့ အခွန်ကိုဆောင်ပြီးတော့ ပေးပို့ရတယ်ဆိုတာ ကျွန်မတို့သိရှိ ရပါတယ်။

သို့သော်လည်းဘဲ အချို့သော စီးပွားရေးလုပ်ငန်းရှင်များ၊ ဌာနကဝန်ထမ်းတွေနဲ့ ပူးပေါင်းပြီးတော့ အပြင်မှာ အရပ်စကားကြားသလိုပဲ “ပါမစ်တစ်စောင် သစ်တောလုံးပြောင်”ဆိုသလို “ပါမစ်သစ်တန်(၅၀) (၅)နှစ်ခုတ်မယ်”ဆိုတဲ့ အသံတွေကို ကျွန်မတို့ လက်တွေ့ကြားသိနေရပါတယ်။ အဲ့ဒါမျိုးတွေကို ကျွန်မတို့ ပြည်နယ်အစိုးရအနေနဲ့ ကြပ်ကြပ်မတ်မတ်စိစစ်နိုင်မယ်ဆိုရင် ကျွန်မတို့ပြည်ထောင်စုဘဏ္ဍာဟာလည်း ဒီထက်ပိုပြီးတော့ ဝင်ငွေတိုးပွားလာမှာဖြစ်သလို ကျွန်မတို့ ပြည်နယ်အတွက်လည်း စွမ်းဆောင်ရည်တစ်ရပ်ဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ ကျွန်မတို့ရဲ့ ဒီသစ်ပေါ်မှာ သုံးစွဲနေတဲ့ပြည်သူလူထုရဲ့ အခြေအနေဖြစ်ပါတယ်။ လက်ရှိရပ်စောက်မှာရှိနေတဲ့ ကျွန်မတို့ သစ်ခွဲသားကို တရားဝင်သစ်ခွဲစက်ကနေ ဝယ်ယူနေပေမယ့်လည်း ကျွန်မတို့တခြားနေရာကို သယ်ယူတဲ့အခါမှာ ဘာလို့ဈေးကြီးရသလဲဆိုရင် သစ်တော

ဌာနကို ပေးဆောင်နေရတဲ့ ကြေးတွေရှိပါတယ်။ လမ်းကြေး၊ တံတားကြေးတွေရှိပါတယ်။ အဲ့ဒါကြောင့်မို့ သစ်ဈေးကြီးရတာပါဆိုတဲ့ အကြောင်းပြချက်မျိုးတွေ ရှိလာပါတယ်။ အဲ့ဒါတွေဟာ အဲ့ဒီလိုဆောင်ရွက်ခြင်းအားဖြင့် ကျွန်မတို့ရဲ့ဌာနက ဝန်ထမ်းတွေကလည်း မစွန့်မပွတ်လေးရတာပါ။ လက်ပေးလက်ယူ စီးပွားဖြစ်တဲ့အဆင့်အထိကို ကျွန်မတို့ ရရှိတာ မဟုတ်ဘဲနဲ့ ဝန်ထမ်းရဲ့ သိက္ခာကို အလကားနေ ကျဆင်းစေပြီးတော့ တကယ်တန်းကြားထဲကနေ စီးပွားရေးလုပ်ငန်းရှင်များက ကြီးပွားချမ်းသာ သွားကြတာပဲ ဖြစ်ပါတယ်။

အဲ့ဒီစီးပွားရေးလုပ်ငန်းရှင်များဟာ တကယ်ဆောင်ရမယ့် နိုင်ငံတော်ရဲ့အခွန်ကို မဆောင်ဘဲနဲ့ တရားဝင်ဝယ်ယူထားတဲ့ သစ်ခွဲစက်ကနေသယ်ယူလာတာတောင်မှ ကျွန်မတို့ လမ်းထဲမှာ သယ်ယူတဲ့အခါမှာ ဘာကြောင့်မို့ အခက်အခဲတွေ ကြုံတွေ့နေရသလဲဆိုတဲ့ အချက်ကိုလည်း ပြည်နယ်အစိုးရကနေ စိစစ်ပြီးတော့ စဉ်းစားပေးစေလိုကြောင်း တိုက်တွန်းအကြံပြုအပ်ပါတယ်။

နောက်ဆုံးတစ်ချက်အနေနဲ့ ကျွန်မတို့လက်ရှိတာဝန်ထမ်းဆောင်နေတဲ့ သစ်တောဝန်ထမ်းများကလည်း ကြိုးကြပ်ဆောင်ရွက်တဲ့အခါမှာ ဒီလုပ်ငန်းရှင်တွေဟာ ဟိုလူတွေနဲ့ပဲ ပိုင်သလိုလို၊ ဒီလူနဲ့ပဲ ပိုသလိုလိုဆိုတဲ့ ပုံစံလုပ်ပြီးတော့ သစ်တောဝန်ထမ်းကို ကား(၁)စီး တန်(၂၀)လောက် တင်လာပြီးတော့ ဝန်ထမ်းကိုမှ တစ်သောင်း၊ နှစ်သောင်းလေးပေးတဲ့ ဒီပုံစံမျိုးလုပ်နေတဲ့ အနေအထားမှာလည်း

ကျွန်မတို့ တွေ့နေရပါတယ်။ ဒါကြောင့်မို့လို သစ်တောဝန်ထမ်းတွေကဘဲဖြစ်ဖြစ်၊ အခြားသောတာဝန်ရှိတဲ့ ပုဂ္ဂိုလ်များကိုဘဲဖြစ်ဖြစ် ပိုက်ဆံပေးရင်ရတယ်ဆိုတဲ့ အခြေအနေမျိုးကို ကျွန်မတို့ ဒီလို အခြေအနေမျိုးတွေကို ခွာထုတ်ပစ်ဖို့ ကျွန်မတို့ လိုအပ်နေပါတယ်။ အဲ့ဒီတော့ ကျွန်မတို့ဒီပြဿနာဟာ ဘယ်သူ့ကို အပြစ်တင်ရမလဲဆိုရင် ဝတ်လုံးစက္ကူကပ်ဖြစ်နေပြီလို့ ကျွန်မမြင်ပါတယ်။ အဲ့ဒါကြောင့်မို့ အဲ့ဒီလိုဖြစ်နေတဲ့အနေအထားမှာ ကျွန်မတို့ဟာ ဒီစက္ကူကို ကျွန်မတို့ခွာချဖို့ လိုအပ်ပြီလို့ ကျွန်မအကြံပြု တင်ပြလိုပါတယ်။ ဒါကြောင့်မို့လို့ လက်ရှိအနေအထားမှာ ပြည်ထောင်စုအစိုးရကနေ စီမံခန့်ခွဲပိုင်ခွင့်ရှိတယ်ဆိုပေမယ့် နောင်တစ်ချိန်မှာ ပြည်နယ်လွှတ်တော်၊ ပြည်နယ်အစိုးရရဲ့ စီမံခန့်ခွဲပိုင်ခွင့်များ ကြုံလာခဲ့လျှင် ဒီလုပ်ငန်းတွေကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကျွန်မရဲ့ အဆိုကို ရှမ်းပြည်နယ်လွှတ်တော်မှာ မှတ်တမ်းတင်ပေးပါရန် ရိုသေလေးစားစွာဖြင့် တင်ပြအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။ [ ဩဘာသံများ ]

ဥက္ကဋ္ဌ ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

ဒေါ်အေးချိုစိန်၊ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ “ ရှမ်းပြည်နယ်အတွင်းရှိ အစိုးရသစ်အရောင်းဆိုင်မရှိသော အချို့မြို့နယ်များတွင် နေအိမ်အဆောက်အဦးများ ဆောက်လုပ်ရန်အတွက် ဒေသထွက်သစ်မာနှင့် အင်၊ အင်ကြင်းစသော အခြားသစ်များကို ဈေးနှုန်းကြီးမြင့်စွာဖြင့် ဝယ်ယူနေရသည်ကို တွေ့ရှိရပါသည်။ သစ်မာ၊ အင်၊ အင်ကြင်းများကို တစ်တန်လျှင် ကျပ်လေးသိန်းမှ လေးသိန်းခွဲထိလည်းကောင်း၊ ထင်းရှူးကို ကျပ်တစ်သိန်းခုနှစ်သောင်းမှ ကျပ်နှစ်သိန်းထိလည်းကောင်း ဝယ်ယူသုံးစွဲနေရပါသည်။ သို့ပါ၍ဒေသတွင်း ပြည်သူများလွတ်လပ်၍ ဈေးနှုန်းသင့်တင့်စွာ ဝယ်ယူနိုင်ရေးနှင့်

ပြည်နယ်ဘဏ္ဍာငွေရရှိစေရေးအတွက် ပြည်သူလူထု၏ အကျိုးစီးပွားကို ရှေးရှုပြီး၊ ပြည်နယ်အစိုးရ၏ အစီအစဉ်ဖြင့် တစ်မြို့နယ်လျှင် ပုဂ္ဂလိက(သို့မဟုတ်) အစိုးရသစ်အရောင်းဆိုင်တစ်ဆိုင် ဖွင့်လှစ်ခွင့်ပြုရေး” အဆိုကို တင်သွင်းသွားပါတယ်။ ဒီအဆိုနှင့်ပတ်သက်လို့ ဒီအဆိုကို မှတ်တမ်းတင်ရန် လွှတ်တော်ရဲ့ ဆန္ဒကို ရယူပါ့မယ်။

ဥက္ကဋ္ဌ ။ အဆိုနှင့်စပ်လျဉ်းပြီး မှတ်တမ်းတင်ရန် လွှတ်တော်မှ သဘောတူပါသလား ခင်ဗျား။ ”

[ (၃)ကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်]

လွှတ်တော်မှ သဘောတူတဲ့အတွက် ဤအဆိုကို မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ [ သြဘာသံများ ]